ဗဒ္ဓိမဟာပဏ္ဏာသ ပါဠိတော်

ဒီဃနိကာယ သုတ်

ပါဠိတော်နိုင်ကျ

★

မြန်မာ-ဦးသောလင်း။ ပုံနှိပ်။

R
ဝ၁၂
ဝ

ဘ ၀ ၃၅

မဇ္ဈိမပဏ္ဏာသ ပါဠိတော်

ဒီဃနခသုတ်

ပါဠိတော်နှင့်

ပုဗ္ဗမြန်မာ

ဘာသာရေးခွင့်ပြုချက် (၃၁၇၅)

ထုတ်ဝေသူ – ဒု ဗိုလ်မှူးကြီး စံမြင့်

ကင်းလွတ်ခွင့် (၀၈၄၈)

၃၀၊ သထုံလမ်း၊ တက္ကသိုလ်နယ်မြေ၊ ရန်ကုန်မြို့။

ပုံနှိပ်သူ – ဦးအုန်းစိန် (၀၇၀၈)

အောင်မိတ်ဆက်စာပုံနှိပ်တိုက်

၅၀၊ ဗိုလ်ချုပ်လမ်း၊ ရန်ကုန်မြို့။

၁၀၇၅၀

ပဲခူးမြို့ ညောင်ဝိုင်းရပ်

ဒေါသီးမယ်

၏

ကောင်းမှု

နိဗ္ဗာနသပ္ပာယော ဟောတု

နတ်လူသာဝေ ခေါ်ခေသော့စ်။

နိဒါန်း

ဇေယျတု။ ။လူသုံးပါတို့၏ ကိုးကွယ်ရာ ဖြစ်တော်မူသော သဗ္ဗညု မြတ်စွာဘုရားသခင်သည် မဟာသတိပဋ္ဌာန် လေးပါးကို ဟောတော်မူရာ၌ ဝေဒနာနုပဿနာကို အကျယ်အားဖြင့် ဟောတော်မူသည့်အပြင်၊ အကျဉ်းအားဖြင့်လည်း ဤသို့ ဟောတော်မူ၏။ ဟောတော်မူခြင်း၏ အကြောင်းကား–

မြတ်စွာဘုရားသခင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူသောအခါ၊ ထိုရာဇဂြိုဟ်ပြည်၏ အနီး ဥပတိဿရွာကြီး၌ အလွန်လျင်ကြွယ်ဝချမ်းသာသော ရူပသာရီမည်သော ပုဏ္ဏားမကြီး၏ သားဖြစ်သော ဥပတိဿသည် ပုဏ္ဏားလုလင် အခြိုအရံ နှစ်ရာ့ငါးဆယ်မျှရှိ၍အလွန်လျင်ထင်ရှားကျော်စောလျက်ရှိ၏။ ထို့ပြင် တခုသော ကောလိတမည်သော ရွာ၌လည်း အလွန်ပင် ကြွယ်ဝချမ်းသာသော မောဂ္ဂလိအမည်ရှိသော ပုဏ္ဏားမကြီး၌လည်း ကောလိတမည်သော သားရှိ၍ ပုဏ္ဏားလုလင် အခြံအရံ နှစ်ရာ့ငါးဆယ်ပင်ရှိ၏။ ထိုနှစ်ဦးသော သူတို့သည် အလွန်ချစ်ကြည်သော အဆွေခင်ပွန်းဖြစ်၍ ပညာအလွန်ကြီးရကား ထင်ရှားကျော်စောခြင်းသို့ ရောက်ကြကုန်၏။

တရံရောအခါ ထိုရွာသားတို့၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော တောင်ထိပ်သဘင်ပွဲသို့ ထိုအဆွေခင်ပွန်းနှစ်ဦးတို့သည် မိမိတို့၏ အခြံအရံ နှစ်ရာ့ငါးဆယ်စီဖြင့် အတူသွားရောက်ကြရာ၊ ထိုသူနှစ်ဦးတို့၏ အခြံအရံများသည် ရောနှောကာ သဘင်ပြုလုပ်ပျော်ပါးလျက်ရှိကြကုန်၏။

ထိုအဆွေခင်ပွန်း နှစ်ဦးတို့၏ ရှေးရှေးသော ဘဝသံသရာက လေ့လာဆည်းပူးခဲ့သော ပါရမီ ဉာဏ်အဟုန်သည် ငုံလျက်ရှိသော ကြာပဒုံကို နေအာရုဏ် ဆွတ်ဖြန်းသဖြင့် လျှမ်းလျှမ်း ကြွကြွဖေါင်းပွ တိုးပွင့်သည့်ပမာ သမ္မာဝိတက်တို့ ပေါ်ထွက်လာသည့်အတိုင်း၊ ဥပတိဿ၌ ဤသို့သော အကြံသည်ဖြစ်၏။ ဤယခုပွဲသဘင်ဝယ် ပျော်ရွှင်သွားလာလျက်ရှိကြကုန်သော များစွာကုန်သော လူအပေါင်းတို့သည်၊ အမိ၏ ဝမ်းတိုက်သွေးအိမ်အတွင်းမှ ဖြစ်ပွါးပေါ်ပေါက်လာခဲ့ကြပြီးလျှင် တစတစကြီးပြင်း၍ သေခြင်းသို့ရောက်ကြရမည်ပင်တကား။ ယနေ့၌ တွေ့မြင်ရသမျှသော လူအားလုံးတို့သည် နောက်အနှစ်တရာခန့် ကြာရှိလျှင် ဤမြေပေါ်၌ တယောက်မျှမကျန်မရှိတော့ဘဲ သေပျောက်ပျက်စီးလျက် နောက်ဆက်ပေါက်ပွါးသူတို့သာ ရှိနေကြပေလိမ့်မည်တကား။ ထိုသူတို့သည်လည်း တဖန်ငါတို့ကဲ့သို့ပင် သေပျောက်ကြရဦးမည်ပင် ဖြစ်ခဲ့၏တကား။ သို့ပါလျက် ယခုကဲ့သို့ ပျော်ပါးသွားလာနေနိုင်ကြခြင်းသည် အံ့ဘွယ်ရှိပေစွဟု ဆင်ခြင်စဉ်းစားကာ မပျော်မမွေ့ပဲရှိနေလေ၏။

ထိုသို့ မပျော်မမွေ့နိုင်ဘဲ ရှိနေသည်ကို ကောလိတမြင်လျှင် အဆွေဥပတိဿ၊ အဘယ်သို့သော အကြောင်းကြောင့် မရှင်မလန်း ညိုးနွမ်းစွာ ရှိနေဘိသနည်းဟု မေးမြန်းလေ၏။ ထိုအခါ ဥပတိဿက မိမိစိတ်ဝယ်ပေါ်ပေါက် ကြံစည်မိသောသဘောကို ထုတ်ဖေါ်ပြောကြားလေရာ၊ ကောလိတကလည်း အဆွေ ဥပတိဿ၊ အဆွေ၏ စဉ်းစားမိသော အကြံသည် ဟုတ်မှန်လှပေ၏။ ငါတို့နှင့်တကွ ဤလောကအားလုံး ရှိရှိသမျှသော လူအပေါင်းတို့သည်သေခြင်းမှ မလွှဲမြောက်နိုင်ကြကုန်၊ကောင်းမှုချ သေကြရမည်

ပင်။ သို့ရာတွင် လောကဌ် ဆန့်ကျင်ဘက်ဖြစ်သော သဘောသည် ဓမ္မတာအတိုင်း ရှိတတ်ချေသည်။ အပူရှိက အရှေ့မြဲ၊ အအေးရှိက အကောင်းရှိမြဲဖြစ်၍ သေခြင်းသဘော ရှိကလည်း မသေတတ်သော သဘောသည် ရှိရာချေသည်။ ငါတို့သည် လောကီစည်းစိမ်ကို ခံစားမေ့လျော့နေခြင်းဖြင့် အဘယ်ပြုတော့အုံ နည်း။ မသေတတ်သော သဘောတရားကိုသာ ဖွေရှာစူးစမ်းကြရန်မသင့်ပါလောဟု ပြောဆိုတိုင်ပင်၏။ နှစ်ဦးလုံးပင် သဘော တူညီကြသဖြင့်အသီးအသီးမိဘတို့အားပန်ကြားကြပြီးလျှင် အခြံအရံများနှင့်တကွ သီဟည်းဆရာကြီးထံသို့ သွားရောက်ကြ၍ ပုရဏိုဇ်အသင်ပြုလုပ်ကြလျက် သီဟည်းဆရာကြီးထံ၌ အ ဆုံး အ မ ကို ခံ ယူ သင်ကြားကြလေရာ၊ ထိုနေ့မှာပင် သီဟည်းဆရာကြီး၏ အယူဝါဒ အလုံးစုံကို တတ်သိပြီးဖြစ်၍ အနှစ်သာရမရှိခြင်းကို သိကြရကား၊ ဆရာကြီးအား ထိုထက်အလွန် ရှိသေးသလောဟု မေးကြပြန်၏။ ထိုအခါ သီဟည်းဆရာကြီးက တပည့်တို့၊ ငါ၌ ထို့ ထက် အ လွန် ဟောကြားနိုင်ခြင်းမရှိ၊ ဤမျှသာ ဟောကြားနိုင်သည်ဟု ပြောလေရကား၊ ဥပတိဿကောလိတ နှစ်ဦးတို့က ဤမျှဖြင့် ငါတို့ အလို မပြည့်စုံနိုင်သေး။ ထို့ ထက် အနှစ်သာရနှင့် ပြည့်စုံသော တရားကို စူးစမ်းရှာဖွေကြကုန်အုံ့ဟု အချင်းချင်းကတိက ဝတ်ပြုကာ အခြားအခြားသော ဆရာတက္ကဒုန်းတို့အား မေးမြန်းစူးစမ်းလျက်သာ အခါကာလကို ကုန်လွန်ကြလေ၏။

မြတ်စွာဘုရားသခင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်ကို လက်ခံတော်မူသည့်နေ့မှ သုံးရက်မြောက်သောနေ့နံနက်တွင် ပဉ္စဝဂ္ဂါးဦးတို့တွင် အငယ်ဆုံးဖြစ်သော အရှင်မဟာအဿဇိ မထေရ်သည် ရာဇဂြိုဟ်ပြည်တွင်းသို့ ဆွမ်းခံ ကြွလာသောအခါ

ဥပတိသပုရဗိုဇ်သည်လည်းမြို့တွင်းသို့လှည့်လည်လာခိုက်ကြုံကြိုက်ရကား၊အရှင်အသာဇိမထေရ်၏တည်ကြည်ငြိမ်သက်သောစက္ခုနှေ့စသော ဣန္ဒြေတို့ကို မြင်သဖြင့်ပင် ပညာရှိ ဖြစ်သည်အားလျှော်စွာ ဤပုဂ္ဂိုလ်ကား တရားထူးရှိသောပုဂ္ဂိုလ်ဖြစ်ရာ၏။ ထိုပုဂ္ဂိုလ်နှင့် ဆွေးနွေးစူးစမ်းခြင်းငှာ သင့်လျော်ပေလိမ့်မည်ဟု နှလုံးပြုကာ ရှင်မဟာအသာဇိနောက်မှ အစဉ်အတိုင်းလိုက်ခဲ့လေ၏။ ရှင်မဟာအားသာဇိမထေရ်လည်း မြို့၏အစွန်ဖြစ်သော တခုသောဇရပ်သို့ ကပ်ပြီးလျှင် ဆွမ်းဘဉ်းပေးအံ့သော အမှုအရာကိုပြုသဖြင့် ဥပတိသလည်း ရှေးဦးစွာ ဇရပ်သို့ဝင်၍ နေရာခင်းခြင်း၊ခြေသုတ်ပေးခြင်း၊ သောက်ရေ သုံးရေခပ်၍ ဆက်ကပ်ခြင်းစသော ဝတ်ကြီးဝတ်ငယ်တို့ကိုပြုခြင်းဖြင့် အရှင်အသာဇိမထေရ် ဆွမ်းဘဉ်းပေး၍ပြီးသည့်တိုင်အောင် ငုံ့လင့်စောင့်ဆိုင်းလျက်နေ၏။

မထေရ်ဆွမ်းဘုန်းပေး၍ပြီးသောအခါ ဥပတိသလည်း အနီးသို့ကပ်၍ အလွှာပ သလွှာပစကား ပြောကြားပြီးနောက် မထေရ်အား ခွင့်တောင်းပြီးလျှင် ဤသို့မေး၏။ ငါ့ရှင်၊ ငါ့ရှင်ကား အလွန် သိမ်မွေ့သော ဣန္ဒြေရှိ၏။ ငါ့ရှင်၏ အမည်ကား အသို့ခေါ်သနည်း။ အဘယ်ဆရာ၏ တပည့်ဖြစ် သနည်း။ ငါ့ရှင်၏ ဆရာသည် အဘယ်သို့သောတရားဖြင့် ဆုံးမ ဟောကြားသနည်း။ အဘယ်ကဲ့သို့ အယူဝါဒရှိသနည်းဟု ဖေးမြန်းလေရာ၊ အရှင် အသာဇိမထေရ်က၊ ငါ့ရှင်ပုရဗိုဇ် ငါ၏အမည်ကား အသာဇိတည်း။ ငါ၏ဆရာကား သာကီဝင်မင်းမျိုးမှဖြစ်၍ လောကသုံးပါးဌ အမြတ်ဆုံးသော ဂေါတမ ဘုရား ရှင်တည်း။ ထို ဘုရား ရှင် သည် ကမ္မဝါဒီ အယူရှိ၏။ ငါတို့အားလည်း ထိုအယူဝါဒအတိုင်းပင် ဆုံးမဟောကြား၏ဟု မိန့်တော်မူ၏။ ထိုအခါ ဥပတိသပုရဗိုဇ်က

ငါ့ရှင် အဿဇီ၊ သင်၏ဆရာ ဟောကြားသော တရားကို ငါ့အား ဟောပါလောဟု တောင်းပန်လေရာ၊ အရှင်အဿဇီသည်လည်း၊ ငါ့ရှင်ပုရဗိုဇ်၊ မြတ်စွာဘုရားဟောကြားတော်မူအပ်သော တရားတော်ကား အလွန်နက်နဲသိမ်မွေ့သဖြင့် ကျယ်ဝန်းလှ၏။ ငါကား ရဟန်းပြုသည်မှာ မကြာသေးမီ အနည်းငယ် အမြင်ကျယ်သူသာသိ၏ဟု မိန့်လေရာ၊ ဥပတိဿလည်း၊ ငါ့ရှင် အဿဇီ၊ သင်သိသမျှသာ ငါ့အား ဟောကြားဘိလော။ ငါသည် အရာအထောင်မျှသော အနက်သဘောတို့ဖြင့် သိရလတံ့ဟုဆို၏။ ထိုအခါ အရှင်အဿဇီလည်း၊ယင်းသို့တပြီးကား နာယူလောဟုဆို၍။ ။ယေဓမ္မာဟေတုပဘဝါ၊ တေ သံဟေတုတထာဂတော၊ အာဟတေသဉ္စ နိရောဓော၊ ဧवं ဝါဒီမဟာသမဏော။ ။ဟူသော ဒေသနာတော်ကို ဟောတော်မူ၏။ ဤသို့ဟောတော်မူရာ၌ ယေဓမ္မာဟေတုပဘဝါ၊ တေသံဟေတု တထာဂတော၊ အာဟ၊ ဟူသော နှစ်ပါဒ ခွဲတွင် ဥပတိဿသည် နည်းပေါင်း တထောင်မျှလောက်သော အနက်သဘောတို့ကိုမြင်၍ သောတာပတ္တိမဂ်သို့ ရောက်၏။ နောက်တပါဒခွဲကိုကား သောတာပတ္တိဖိုလ်သို့ ရောက်ပြီးမှသာ နာရလေတော့၏။

အနက်ကား။ ။ယေဓမ္မာ၊ အကြင်ဇာတိဇရာ ဗျာဓိမရဏာ အစရှိသော ဒုက္ခသစ္စာတရား အပေါင်းတို့သည်၊ (ဝါ) ဒုက္ခဒုက္ခ၊ သင်္ခါရဒုက္ခ၊ ဝိပရိနာမဒုက္ခဟု ဆိုအပ်ကုန်သော ဒုက္ခသစ္စာ တရား အပေါင်းတို့သည်၊ ဟေတုပဘဝါ၊ တဏှာဟူသော သမုဒယသစ္စာ သာလျှင် အမှန်ရှိကုန်၏။ တေသံ၊ ထိုဒုက္ခသမုဒယ နှစ်ပါးတို့၏၊ ဟေတု၊ ချုပ်ကြောင်း ငြိမ်းကြောင်းဖြစ်သော မဂ္ဂသစ္စာတရားတို့ကိုလည်း၊ တထာဂတော၊ ဘုရားရှင်သည်၊ အာဟု၊ ဟောတော်

မှု၏။ တေသဠ္ဌ၊ ထိုဒုက္ခသမုဒယ တို့၏လည်း၊ နိုရောဓော၊ ချုပ်ရာ ငြိမ်းရာဖြစ်သော နိုဗ္ဗာန် တ ရား တော် မြတ် ကိုလည်း၊ အာဟု၊ ဟောတော်မူ၏။ မဟာသမဏော၊ ရဟန်းမြတ်စွာတို့ဆရာသည်၊ ဝေ၀ါဒီ၊ ဤသို့အယူရှိတော်မူ၏။ (၀ါ)ဤသို့ ဟောကြားတော် မူ၏။ ။

ဤသို့ ရှင်မဟာအသဇီမထေရ် ဟောကြားတော်မူသည့် အ ဆုံးဌ ဥပတိဿလည်း အလွန်ဝမ်းမြောက်ခြင်း ဖြစ်လျက်၊ အရှင် ဘုရား၊ မြတ်စွာဘုရားသခင်သည် ယခုအဘယ်အရပ်တွင် သီတင်း သုံးတော်မူပါသနည်းဟု မေးရာ၊ ငါ့ရှင်၊မြတ်စွာ ဘုရားသည် ဤ ရာဇဂြိုဟ်ပြည် ဝေဠုဝန် ကျောင်းတော်၌ သီတင်းသုံး နေထိုင် တော်မူ၏ဟု မိန့်တော်မူသဖြင့်၊ ယင်းသို့တပြိုးကား အရှင်ဘုရား ကြွတော်မူလေလော။ တပည့်တော်မူကား အဆွေဖြစ်သော ကော လိတနှင့် ကတိကဝတ် ရှိသေးသည်ဖြစ်၍ ၎င်းအား ပြောကြား တိုင်ပင်ပြီးမှ မြတ်စွာဘုရားသခင်ထံတော်သို့ လာရောက်ပါအုံ့ဟု ဓလျှောက်ထားပြီးနောက် အရှင်မဟာအသဇီထံမှ ဖဲခွဲပြီးလျှင် မိမိ နေရာ သိဒ္ဓည်းဆရာကြီး၏ ကျောင်းသို့ပြန်လာခဲ့လေ၏။

ဥပတိဿပြန်လာသည်ကို ကောလိတမြင်သောအခါ၊ ငါ၏ အဆွေ ဥပတိဿသည် အခါတပါးနှင့်မတူ၊ ယနေ့ထူးသောဂုဏ်ကို ရှိ၏။ တရားထူးရခဲ့သည် ဖြစ်လတံ့ဟု အောက်မေ့ပြီးလျှင် ခရီး ဦးကြိုပြု၍၊ ငါ့ရှင် ဥပတိဿ၊ ယနေ့ကား ထူးခြားရှင်လန်းသော မျက်နှာဖြင့် သိမ်မွေ့သော ဂုဏ်ရှိ၏။ အဘယ်သို့သော ပုဂ္ဂိုလ် နှင့်တွေ့၍ အဘယ်တရားကို ကြားနာခဲ့ရပေသနည်းဟုမေးသဖြင့်၊ ဥပတိဿလည်း အရှင်မဟာ အသဇီမထေရ်နှင့် တွေ့ရသည်မှစ၍ စာရားနာခဲ့ရသည့်တိုင်အောင် အလုံးစုံသော အကြောင်းခြင်းရာ

တို့ကို ပြန်ကြားပြောဆိုလေရာ၊ ကောလိတက၊ အခဆုဥပတိသ၊ သင်ကြားနာခဲ့ရသော တရားကို ငါ့အားဟောကြား ပါလော့ဟု တောင်းပန်လေ၏။ ဥပတိသလည်း မိမိနာကြားခဲ့ရသောတရား ကို အရှင်မဟာ အဿဇိမထေရ် ဟောတော်မူသည့်အတိုင်းပြန်၍ ဟောကြားလေရာ၊ တရားတော်၏ အဆုံး၌ ကောလိတလည်း တ ဆယ့်ခြောက်ပါးသော ယုံမှားခြင်းတို့မှကင်း၍ သောတာပန် အ ဖြစ်သို့ရောက်လေ၏။

ထို့နောက် အဆွေခင်ပွန်း နှစ်ဦးတို့သည် သီဥည်းဆရာကြီး အား မိမိတို့နှင့်အတူ မြတ်စွာဘုရားထံသို့ သွားရန် ပြောကြားကြ၏။ သို့သော်လည်းမရပဲ၊ ငါသည် အိုးစရည်းကြီး ပြုနေပြီးမှ လက်ငင်အိုးမပြုနိုင်ပြီ။ သင်တို့သာလျှင် သွားလိုက သွားကြလော ဟု ပြောသဖြင့်၊ ဥပတိသ ကောလိတတို့လည်း အခြံ အရံ ပုရဇိုဇ် တပည့်ငါးရာတို့နှင့် မြတ်စွာဘုရားရှိရာ ဝေဠုဝန်ကျောင်းတော် သို့ ရှေ့ရှုထွက်လာကြကုန်၏။

မြတ်စွာဘုရားသခင်သည် ဝေဠုဝန်ကျောင်းတော်၌ တပည့် ရဟန်း တထောင် မျှလောက်နှင့် တင့်တယ်စွာ စံပယ်တော်မူရာ တွင်၊ ယနေ့ကား ငါဘုရား၏ မြတ်သောသာဝကအဖြစ်သို့ရောက် လတံ့သော ပုဂ္ဂိုလ်မွန်နှစ်ဦးတို့သည် ငါဘုရားထံတော်သို့ရောက် လာကြကုန်လတံ့ဟု မိန့်တော်မူပြီးလျှင် ဝံ့လင့်ခတော်မူရာ၊ မကြာ မြင့်မီပင် ဥပတိသနှင့်ကောလိတတို့သည် အခြံအရံနှင့်တကွရောက် လာကြကုန်၏။

မြတ်စွာဘုရား သခင်သည် တပည့်ရဟန်း အပေါင်းတို့အား တရားဟောတော်မူနေသည်အတွင်း ဥပတိသကောလိတတို့လည်း

အခြံအရံနှင့်တကွ မြတ်စွာဘုရားထံတော်သို့ကပ်၍ ရှိ ခိုး ပြီး လျှင် ဤသို့ နှားတော်လျှောက်၏။ ဘုန်းတော်ကြီးမြတ်တော်မူသော မြတ်စွာဘုရား၊ တပည့်တော်တို့အား တပည့်ရဟန်းအဖြစ်သို့ ချီးမြှောက်တော်မူပါ။ ဒေသနာအမြိုက် တိုက်ကျေးတော်မူပါဘုရား ဟု လျှောက်ထားတောင်းပန်လေ၏။ မြတ်စွာဘုရားသခင်လည်း ဗေဟိဘိက္ခုသမာစရထ ဗြဟ္မစရိယာသမ္မာ ဒုက္ခသအန္တကိရိယာယ ဟူ၍ ဟောကြားလိုက်သည်၏အဆုံး၌ ဥပတိဿ ကောလိတနှင့် တကွ အခြံအရံငါးရာတို့သည် ပရိကွရာရှစ်ပါးနှင့်တကွ ဝါခြောက်ဆယ်ရှိ မထေရ်ကြီးများကဲ့သို့ ရဟန်းအဖြစ်သို့ရောက်ကြကုန်ပြီးလျှင် ဥပတိဿကောလိတနှစ်ဦးမှ ကြင်းသောအခြံအရံငါးရာတို့မှာ သောတာပတ္တိမဂ်မှစ၍ မဂ်လေးပါးအစဉ်ကို သိမြင်ကြပြီးလျှင် အရဟတ္တဖိုလ်သို့ဘုံဝင်ရောက်ကာ ရဟန္တာဖြစ်ကြကုန်၏။ ဥပတိဿနှင့် ကောလိတတို့မှာ အဂ္ဂသာဝကဆုမြတ်ကို ခံယူရမည့် ပုဂ္ဂိုလ်များဖြစ်ကြသည်အားလျှော်စွာ ပြုအပ်သောအမှုကိစ္စ ရှိ၏သားသည်ဖြစ်ရကား သောတာပန်အဖြစ်နှင့်ပင် ရှိကြရလေ၏။

ဟောတော်မူသော ဒေသနာတော်၏ အနက်ကား။ ။ဘိက္ခု၊ ရဟန်း၊ ဗေဟိ လာလေ၊ သမ္မာ၊ အကြင်းမဲ့၊ ဒုက္ခသ၊ အလုံးစုံသော ဆင်းရဲဒုက္ခအပေါင်းတို့၏၊ အန္တကိရိယာယ၊ အဆုံးကိုပြု ခြင်းငှာ၊ ဗြဟ္မစရိယာ၊ မြတ် သော အ ကျင့် ဖြစ် သော သမထ ဝိပဿနာတရားတို့ကို၊ သမာ၊ကောင်းစွာ၊ စရထ၊ အားထုတ်ပွား များကြကုန်လော။

ထို့နောက် မြတ်စွာဘုရားသခင်သည် ဥပတိဿအား သာရိပုတ္တရာဟူ၍ရင်း၊ ကောလိတအား မဟာမောဂ္ဂလာန်ဟူ၍ရင်း အသီးအသီး ဘွဲ့နာမ်တော် ခတ်နှိပ်ချီးမြှောက်တော်မူ၏။ ထိုနေ့၌ပင်

တပည့်သား ရဟန်းသင်္ဃာတော်တို့အား၊ သဗ္ဗပါပသဒေကရဏံ၊ ကုသလသုပသမ္ပဒါ၊ အစရှိသော ဩဝါဒပါဠိမောက်ကို မိန့်ကြားပြသတော်မူ၏။

ထိုနေ့မှ ခုနစ်ရက်မြောက်သောအခါ အရှင်မဟာမောဂ္ဂလာန်သည် တခုသောတောအုပ်ဝယ် ကမ္မဋ္ဌာန်းတရား ပွားများအားထုတ်ရာ၌ ငိုက်မျဉ်းလျက်ရှိနေရာ မြတ်စွာဘုရားသခင် မြင်တော်မူသဖြင့် ချစ်သားမောဂ္ဂလာန်၊ သင်သည်ကား လောက၏ အဆုံးဖြစ်သော လွတ်မြောက်ခြင်းကို အလိုရှိသည်ဖြစ်လျက် အဘယ်ကြောင့် ထိနမိဒ္ဓဟူသော မသူတော်အား အဖေါ်ပြု၍ ပေါင်းသင်းနေဘိသနည်းဟု မိန့်တော်မူပြီး လျှင် ဓာတုကမ္မဋ္ဌာန်းကို ဟောကြားကော်မူသည်တွင် အရဟတ္တဖိုလ်သို့ရောက်၍ ရဟန္တာဖြစ်လေ၏။

လဝက်ဖြစ်သော တဆယ့်ငါးရက်တိုင် ရောက်သောနေ့တွင် မြတ်စွာဘုရားသခင်သည် ရာဇဂြိုဟ်ပြည်၏အနီး ဂိဇ္ဈကူဋ်တောင်၊ သုကရခထမည်သော ဝက်ဂူလိုဏ်တွင် အရှင်သာရိပုတ္တရာနှင့်အတူ သီတင်းသုံးနေတော်မူသောအခါ အရှင်သာရိပုတ္တရာ၏ တူဖြစ်သော ဥစ္ဆေဒတိတ္ထိအယူရှိသော ဒီဃနခပုရဇိုဇ်သည် မြတ်စွာဘုရားသခင်၏အထံတော်သို့ကပ်၍ မေးမြန်းခြင်းကို အကြောင်းပြုပြီး လျှင် ထိုပုရဇိုဇ်၏ မိစ္ဆာအယူမှလွတ်မြောက်စေခြင်း၊ ရဟန်းဖြစ်၍ တဆယ့်ငါးရက်မျှသာရှိသေးသော အရှင်သာရိပုတ္တရာ၏ ရဟန္တာအဖြစ်သို့ ရောက်အံ့သော အကြောင်းရှိခြင်းတို့ကို မြင်တော်မူသော မြတ်စွာဘုရားသခင်သည် နောက်၌ ဖေါ်ပြလတံ့သော တိသောခေါမာ၊ အဂ္ဂိဝေဿာန အစရှိသော ဝေဒနာနှစ်ပါးသနာကို ဟောကြားတော်မူ၏။ ထိုသို့ ဟောတော်မူသော

ဒေသနာတော်၏အဆုံးဌ ဒီဃနခ၊ အဂ္ဂိဝေဿာန နှစ်မည်ရသော ပုရဇိုဏ်သည် မိစ္ဆာဒိဋ္ဌိအယူမှလွှတ်၍ သောတာပန်အဖြစ်သို့ ရောက်လေ၏။ အရှင်သာရိပုတ္တရာလည်း ပဋိသမ္ภိဒါလေးပါး၊ အဘိညာဉ်ခြောက်ပါး၊ သမာပတ်ရှစ်ပါးနှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်တော်မူလေ၏။

ထိုဒေသနာကို မြတ်စွာဘုရားသခင်ဟောတော်မူခြင်းမှာ အဂ္ဂိဝေဿာနဒီဃနခ နှစ်မည်ရသော ပုရဇိုဏ်၏ မေးလျှောက်ခြင်းကို အကြောင်းပြု၍ ဟောတော်မူခြင်း ကြောင့် ဒီဃနခသုတ်ဟူ၍ အရှင်မဟာကဿပ ပထမသင်္ဂါယနာ တင်တော်မူရလေသည်။

ဤသို့လျှင် ဝေဒနာနုပဿနာဖြစ်သော ဒီဃနခသုတ်ဒေသနာတော်ကို မြတ်စွာဘုရားဟောကြားတော်မူသည့်အတိုင်း လေ့လာသင်ကြား မှတ်သား နာယူကြကုန်သော သာသနာဝင် အကြင်အမျိုးကောင်း သားသမီး အပေါင်းတို့သည် ဤပါဠိတော်နှင့် တကွယောဇနာအနက်ကိုကျက်မှတ်ကာ သရဇ္ဈယ်ခြင်း နှလုံးသွင်းဆင်ခြင်ခြင်းဖြင့် ဒေသနာတော်၏အနက်ကို သိမြင်ခြင်း၊ အနက်သဘောအရသာကိုခံစားနိုင်ခြင်းတည်းဟူသော အတ္ထပဋိသံဝေဒီ၊ ဒေသနာတော်၏ ဝစီဘေဒသဒ္ဒါအစဉ်ကို သိမြင်ခံစားနိုင်ခြင်းတည်းဟူသော ဓမ္မပဋိသံဝေဒီ၊ ထိုသံဝေဒီနှစ်ပါးကို မိမိရရ အဘိသမယဖြစ်ကြပြီးလျှင် လေးဝေသောမဂ်တံခါးကို အဆီးအတား မရှိ ဖွင့်လှစ်တော်မူကြပါကုန်။

ဦးသာလင်း

ပဲခူးမြို့။

၁၂၉၈-ခု၊ သီတင်းကျွတ်လဆန်း ၁၅-ရက်။

ပဋ္ဌိမပဏ္ဏာသပါဠိတော်

ဒီဃနခ-အဂ္ဂိဝေဿာနသုတ်

နမောတဿ၊ ဘဂဝတော၊ အရဟတော၊ သမ္မာသမ္ဗုဒ္ဓဿ

တိသော ခေါမာဃအဂ္ဂိဝေဿာန ဝေဒနာ။သုခါ ဝေဒနာ၊ဒုက္ခာ ဒေဝနာ၊ အဒုက္ခမသုခါ ဝေဒနာ။ ။ယသ္မိံ သမယေအဂ္ဂိဝေဿာန၊ သုခံ ဝေဒနံ ဝေဒေတိ။ နေ ဝ တသ္မိံ သမယေ ဒုက္ခံ ဝေဒနံ ဝေဒေတိ၊ နအဒုက္ခမသုခံ ဝေဒနံ ဝေဒေတိ၊ သုခံ ယေ ဝ တသ္မိံ သမယေ ဝေဒနံ ဒေဝေတိ။ ။ယသ္မိံ သမယေ အဂ္ဂိဝေဿာန၊ ဒုက္ခံ ဝေဒနံ ဝေဒေတိ။ နေ ဝ တသ္မိံ သမယေ သုခံ ဝေဒနံ ဝေဒေတိ၊ နအဒုက္ခမ သုခံ ဝေဒနံ ဝေဒေတိ၊ ဒုက္ခံ ယေ ဝ တသ္မိံ သမယေ ဝေဒနံ ဝေဒေတိ။ ။ယသ္မိံ သမယေ အဂ္ဂိဝေဿာန အဒုက္ခ မသုခံ ဝေဒနံ ဝေဒေတိ။ နေ ဝ တသ္မိံ သမယေ၊ သုခံ ဝေဒနံ ဝေဒေတိ၊နဒုက္ခံ ဝေဒနံ ဝေဒေတိ၊အဒုက္ခမသုခံ ယေ ဝ တသ္မိံ သမယေ ဝေဒနံ ဝေဒေတိ။ ။ သုခါ ပိ ခေါ အဂ္ဂိဝေဿာန ဝေဒနာ။အနိစ္စာ သင်္ခတာ ပဋိစ္စသမုပ္ပန္နာ၊ ခယဓမ္မာ ဝယဓမ္မာ ဝိရာဂဓမ္မာ နိရောဓဓမ္မာ။ ။ဒုက္ခာ ပိ ခေါ အဂ္ဂိ ဝေဿာန ဝေဒနာ။ အနိစ္စာ သင်္ခတာ ပဋိစ္စသမုပ္ပန္နာ၊ ခယဓမ္မာ ဝယဓမ္မာ ဝိရာဂဓမ္မာ နိရောဓဓမ္မာ။ ။အဒုက္ခ မသုခါ ပိ ခေါ အဂ္ဂိ ဝေဿာန ဝေဒနာ။ အနိစ္စာ သင်္ခတာ ပဋိစ္စသမုပ္ပန္နာ၊ ခယ

ဓမ္မာ ဝ ယ ဓမ္မာ ဝိ ရာ ဂ ဓမ္မာ နိ ရောဓ ဓမ္မာ။ ။ဝေါပဿံအဂ္ဂိ ဝေဿာန၊ သုတဝါအရိယသာဝကော။ သုခါယ ပိဝေဒနာယ နိဗ္ဗိန္ဒတိ၊ ဒုက္ခာယပိ ဝေဒနာယ နိဗ္ဗိန္ဒတိ၊ အဒုက္ခ မသုခါယပိ ဝေဒနာယ နိဗ္ဗိန္ဒတိ။ နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ၊ ဝိရာဂါ ဝိမုစ္စတိ၊ ဝိမုဋ္ဌသ္မိံ ဝိမုတ္တမ္ဟိတိ ညာဏံဟောတိ။ ။

ရင်းပါဠိတော်အနက်။ ၊အဂ္ဂိဝေဿာန၊ ချစ်သား အဂ္ဂိ ဝေဿာန။ တိသော၊ သုံးပါးကုန်သော၊ ဝေဒနာ၊ ခံစားခြင်း လက္ခဏာရှိသော ဝေဒနာတို့သည်၊ ဣမာခေါ၊ ဤသည်တို့တည်း။ သုခါဝေဒနာ၊ နှစ်သက်ခြင်း တပ်မက်ခြင်း သာယာခြင်းအားဖြင့် ချမ်းသာကို အာရုံပြု၍ ခံစားခြင်း လက္ခဏာရှိသော သုခဝေဒနာသည်ရင်း၊ ဒုက္ခာဝေဒနာ၊ စိုးရိမ်ခြင်း ပူပန်ခြင်း နှလုံးမသာယာခြင်း ပင်ပန်းခြင်းအားဖြင့် ဆင်းရဲကို အာရုံပြု၍ ခံစားခြင်း လက္ခဏာရှိသော ဒုက္ခဝေဒနာသည်ရင်း၊ အဒုက္ခမသုခါဝေဒနာ၊ ချမ်းသာခြင်း ဆင်းရဲခြင်းတို့၏ မထင်ရှားမူ၍ တွေ့ဝေခြင်း လျစ်လျူသဘောအားဖြင့် ခံစားခြင်းလက္ခဏာရှိသော ဥပေက္ခာ ဝေဒနာသည်ရင်း၊ အတ္ထိသန္တိ၊ ရှိကုန်၏။

အဂ္ဂိဝေဿာန၊ ချစ်သား အဂ္ဂိဝေဿန။ယသ္မိံ သမယေ၊ အကြင်နှစ်လိုဘွယ်ဖြစ်သော ဇာဋာရုံကို တွေ့ကြုံသည့်အခါ၌၊ သုခံ၊ နှစ်သက်ခြင်း တပ်မက်ခြင်း သာယာခြင်းအားဖြင့် ချမ်းသာကို အာရုံပြု၍ဖြစ်သော၊ ဝေဒနံ၊ ခံစားခြင်း လက္ခဏာရှိသော သုခဝေဒနာကို၊ ဧ ဒေတိ၊ ခံစား၏။တသ္မိံ သမယေ၊ ထိုသုခဝေဒနာ ခံစားဆဲ အခိုက်ကာလ၌၊ ဒုက္ခံ၊ ဆင်းရဲခြင်း သဘောရှိသော၊ ဝေဒနံ၊ ခံစားခြင်းဒုက္ခဝေဒနာကို၊ နေဝ ဝေ ဒေတိ နဝေ ဒေတိ၊ မခံစားကုန်။အဒုက္ခမသုခံ၊ တွေ့ဝေခြင်း လျစ်လျူရှုခြင်းသဘော

ရှိသော၊ ဝေဒနံ၊ ခံစားခြင်း ဥပေက္ခာဝေဒနာကိုလည်း၊ နဝေဒေ တိ၊ မခံစားကုန်။ တသို့သမယော၊ ထိုနှစ်လိုဘွယ်သော ဣဋ္ဌာရုံကို တွေ့ကြုံသော အခိုက်ကာလ၌၊ သုခံယော၀၊ နှစ်သက်ခြင်း တပ်မက် ခြင်း သာယာခြင်းအားဖြင့် ချမ်းသာကို အာရုံပြု၍ သာလျှင်၊ ဝေဒနံ၊ ခံစားခြင်းလက္ခဏာရှိသော သုခဝေဒနာကို၊ ဝေဒေတိ၊ ခံစားကုန်၏။

အဂ္ဂိဝေဿာန၊ ချစ်သား အဂ္ဂိဝေဿာန၊ ယသို့သမယော၊ အကြင်မနှစ်လိုဘွယ်ဖြစ်သော အနိဋ္ဌာရုံကို တွေ့ကြုံသည့်အခါ၌၊ ဒုက္ခံ၊ စိုးရိမ်ခြင်းပူပန်ခြင်း နှလုံးမသာယာခြင်း ပင်ပန်းခြင်းအား ဖြင့်ဆင်းရဲကို အာရုံပြု၍ဖြစ်သော၊ ဝေဒနံ၊ ခံစားခြင်း လက္ခဏာ ရှိသော ဒုက္ခဝေဒနာကို၊ ဝေဒေတိ၊ ခံစား၏။ တသို့သမယော၊ ထိုဒုက္ခဝေဒနာ ခံစားဆဲအခိုက်ကာလ၌၊ သုခံ၊ ချမ်းသာခြင်း သဘောရှိသော၊ ဝေဒနံ၊ ခံစားခြင်းသုခဝေဒနာကို၊ နေ၀ဝေ ဒေတိ နဝေဒေတိ၊ မခံစားကုန်။အဒုက္ခမသုခံ၊ တွေ့ဝေခြင်း လျစ်လျူ၊ရှုခြင်းသဘောရှိသော၊ ဝေဒနံ၊ ခံစားခြင်းဥပေက္ခာ ဝေဒနာ ကိုလည်း၊ နဝေဒေတိ၊ မခံစားကုန်။ တသို့သမယော၊ ထိုမနှစ်လို ဘွယ်သော အနိဋ္ဌာရုံကိုတွေ့ကြုံသောအခိုက်ကာလ၌၊ဒုက္ခံယော၀၊ စိုးရိမ်ခြင်း ပူပန်ခြင်း နှလုံးမသာယာခြင်း ပင်ပန်းခြင်းအားဖြင့် ဆင်းရဲကို အာရုံပြု၍သာလျှင်၊ ဝေဒနံ၊ ခံ စား ခြင်း လက္ခ ဏာ ရှိသော ဒုက္ခဝေဒနာကို၊ ဝေဒေတိ၊ ခံစားကုန်၏။

အဂ္ဂိဝေဿာန၊ ချစ်သားအဂ္ဂိဝေဿာန၊ ယသို့ သ မ ယော၊ အကြင်နှစ်လိုဘွယ် မနှစ်လိုဘွယ်စသည်ဖြင့် ထင်ရှားခြင်းမရှိသော ဣဋ္ဌမဇ္ဈတ္တာရုံနှင့် တွေ့ကြုံသည့်အခါ၌၊ အဒုက္ခ မသုခံ၊ ချမ်းသာ ခြင်း ဆင်းရဲခြင်းတို့ကို အာရုံမပြုမူ၍ တွေ့ဝေခြင်းလျစ်လျူ၊ရှုခြင်း

သဘောရှိသော၊ ဝေဒနံ၊ ခံစားခြင်း လက္ခဏာရှိသော ဥပေက္ခာ ဝေဒနာကို၊ ဝေဒေတိ၊ ခံစား၏။ တသို့သမယော၊ထိုတွေ့ဝေခြင်း လျှစ်လျှူ့ရှုခြင်း သဘောရှိသော ဥပေက္ခာဝေဒနာကို ခံစားဆဲ အခိုက်ကာလ၌၊ သုခံ၊ ချမ်းသာခြင်း သဘောရှိသော၊ ဝေဒနံ၊ ခံစားခြင်း သုခဝေဒနာကို၊ နေဝဝေဒေတိနဝေဒေတိ၊ မခံစားကုန်။ ဒုက္ခံ၊ ဆင်းရဲခြင်းသဘောရှိသော၊ ဝေဒနံ၊ ခံစားခြင်းဒုက္ခ ဝေဒနာကိုလည်း၊နဝေဒေတိ၊ မခံစားကုန်။ တသို့သမယော၊ထိုနှစ်လိုဘွယ် မနှစ်လိုဘွယ်အားဖြင့် ထင်ရှားခြင်းမရှိသောဣဋ္ဌမဇ္ဈတ္တာရုံကို တွေ့ကြုံသည့်အခိုက်ကာလ၌၊ အဒုက္ခမသုခံယေဝ၊ ချမ်းသာခြင်း ဆင်းရဲခြင်းတို့ကို အာရုံမပြုမူ၍ တွေ့ ဝေ ခြင်း လျှစ်လျှူ သဘောရှိသော၊ ဝေဒနံ၊ ခံစားခြင်းလက္ခဏာရှိသော ဥပေက္ခာ ဝေဒနာကိုသာလျှင်၊ ဝေဒေတိ၊ ခံစားကုန်၏။

အဂ္ဂိဝေဿာန၊ ချစ်သားအဂ္ဂိဝေဿာန၊ အပိစခေါ၊ စင်စစ်အားဖြင့်သော်ကား၊ သုခါ၊ ချမ်းသာကို အာရုံပြုသောအားဖြင့် နှစ်သက်ခြင်း တပ်မက်ခြင်း သာယာခြင်းသဘော ရှိကုန်သော၊ ဝေဒနာပါ၊ ခံစားခြင်းသုခဝေဒနာတို့သည်လည်း၊ အနိစ္စာ၊ အမြဲမရှိကုန်။ သခ်ံတာ၊ အားထုတ်ပြုပြင်ခြင်း သဘောရှိကုန်၏။ ပဋ္ဌိစ္စသမုပ္ပန္နာ၊ အကြောင်းတရားတို့၏ ညီညွတ်ခြင်းကိုစွဲ၍ ဖြစ်ကုန်၏။ ခယဓမ္မာ၊ ကုန်တတ်သောသဘောရှိကုန်၏။ ဝယဓမ္မာ၊ ပေါက်ပြန်ပျက်စီးတတ်သောသဘောရှိကုန်၏။ ဝိရာဂဓမ္မာ၊ ကင်းသောသဘော မယှဉ်သောသဘောရှိကုန်၏။ နိရောဓ ဓမ္မာ၊ ချုပ်ပျောက်ခြင်းသဘောရှိကုန်၏။

အဂ္ဂိဝေဿာန၊ ချစ်သားအဂ္ဂိဝေဿာန၊ အပိစခေါ၊ စင်စစ်အားဖြင့်သော်ကား၊ ဒုက္ခာ၊ ဆင်းရဲကိုအာရုံပြုသောအားဖြင့် စိုး

ရိမ်ခြင်း ပူပန်ခြင်း နှလုံးမသာယာခြင်း ပင်ပန်းခြင်းသဘော ရှိကုန်သော၊ ဝေဒနာပါ၊ ခံစားခြင်းဒုက္ခဝေဒနာသည်လည်း၊ အနိစ္စာ၊အမြဲမရှိကုန်။ သခ်ာတာ၊ အားထုတ်ပြုပြင်ခြင်းသဘောရှိကုန်၏။ ပဋ္ဌိစ္စသမုပ္ပန္နာ၊ အကြောင်းတရားတို့၏ ညီညွတ်ခြင်းကိုစဲ့၍ ဖြစ်ကုန်၏။ ခယမေ့မာ၊ ကုန်တတ်သောသဘောရှိကုန်၏။ ဝယမေ့မာ၊ ဖေါက်ပြန် ပျက်စီးတတ်သော သဘောရှိကုန်၏။ ဝိရာဂမေ့မာ၊ ကင်းသောသဘော မယှဉ်သောသဘောရှိကုန်၏။ နိရောဓမေ့မာ၊ ချုပ်ပျောက်ခြင်းသဘောရှိကုန်၏။

အဂ္ဂိဝေဿာန၊ ချစ်သားအဂ္ဂိဝေဿာန၊ အပိစခေါ၊ စင်စင်အားဖြင့်သော်ကား၊ အဒုက္ခာမသုခါ၊ ချမ်းသာခြင်း ဆင်းရဲခြင်းတို့ကို အာရုံမပြုမူ၍ တွေ့ဝေခြင်း လျစ်လျူသဘောရှိကုန်သော၊ ဝေဒနာပါ၊ ခံစားခြင်းဥပေက္ခာဝေဒနာတို့သည်လည်း၊ အနိစ္စာ၊ အမြဲမရှိကုန်။ သခ်ာတာ၊ အားထုတ်ပြုပြင်ခြင်း သဘောရှိကုန်၏။ ပဋ္ဌိစ္စသမုပ္ပန္နာ၊ အကြောင်းတရားတို့၏ ညီညွတ်ခြင်းကိုစဲ့၍ ဖြစ်ကုန်၏။ ခယမေ့မာ၊ ကုန်တတ်သောသဘောရှိကုန်၏။ ဝယမေ့မာ၊ ဖေါက်ပြန်ပျက်စီးတတ်သောသဘောရှိကုန်၏။ ဝိရာဂမေ့မာ၊ကင်းသောသဘော မယှဉ်သောသဘောရှိကုန်၏။ နိရောဓမေ့မာ၊ ချုပ်ပျောက်ခြင်းသဘောရှိကုန်၏။

အဂ္ဂိဝေဿာန၊ ချစ်သားအဂ္ဂိဝေဿာန၊ ဇဝံ၊ ဤသို့၊ ပဿံ ပဿန္တော၊ ရှုမြင်သော၊ သုတဝါ၊ ပညာနှင့်ပြည့်စုံသော၊ အရိယသာဝကော၊ ငါ၏ဘုရားဟောတရားပည့်သားဖြစ်သော အာရိယာသာဝကသည်၊ သုခါယ၊ နှစ်သက်ခြင်း တပ်မက်ခြင်း သဘောရှိသော၊ ဝေဒနာယပိ၊ ခံစားခြင်း သုခဝေဒနာ၌လည်း၊

နိဗ္ဗိန္ဒတိ၊ စက်ဆုပ်သောအားဖြင့် ညီးငွေ့၏။ ဒုက္ခာယ၊ စိုးရိမ်ခြင်း ပူပန်ခြင်း နှလုံးမသာယာခြင်း ပင်ပန်းခြင်းသဘောရှိသော၊ ဝေဒနာယပိ၊ ခံစားခြင်းဒုက္ခဝေဒနာ၌လည်း၊ နိဗ္ဗိန္ဒတိ၊ စက်ဆုပ်သောအားဖြင့် ညီးငွေ့၏။ အဒုက္ခမသုခ ဃယ၊ ချမ်းသာခြင်း ဆင်းရဲခြင်းတို့၏ မထင်ရှားမူ၍ တွေ့ဝေခြင်း လျစ်လျူသဘောရှိသော၊ ဝေဒနာယပိ၊ ခံစားခြင်းဥပေက္ခာဝေဒနာ၌လည်း၊ နိဗ္ဗိန္ဒတိ၊ စက်ဆုပ်သောအားဖြင့်ညီးငွေ့၏။ နိဗ္ဗိန္ဒ ၊ ထိုသို့ စက်ဆုပ်ခြင်း ညီးငွေ့ခြင်းဟူသော အဖြစ်ကြောင့်၊ ဝိရဇ္ဇတိ၊ ရာဂ၏လိန်းကျုံ့နှောင်ဖွဲ့ခြင်းမှ ကင်းလွတ်၏။ ဝိရာဂ ၊ ရာဂဖြင့် တပ်ခြင်းကင်းသည်၏ အဖြစ်ကြောင့်၊ ဝိမုစ္စတိ၊ ကိလေသာမှလွတ်မြောက်၏။ ဝိမုတ္တသ္မိं ၊ ထိုသို့ကိလေသာတို့မှ လွတ်သည်၏အဖြစ်ကြောင့်သာလျှင်၊ ဝိမုတ္တမ္ဟိတိ၊ ကိလေသာတို့မှ လွတ်အပ်ပြီဟူ၍၊ ပစ္စတ္တံယေဝ၊ မိမိတို့ကိုယ်တိုင်သာလျှင် (ထည့်)၊ ညာဏံ၊ မဂ်လေးပါးဌာနဖြစ်သော ဉာဏ်ဖြင့် သိခြင်းသည်၊ ဟောတိ၊ ဖြစ်၏။ ။

ပြီး၏

ပု-ဒိ-အာနှင့်ပြည့်စုံရပါ၊လို၏။

Je